“သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး”

# ဆင်များလမ်းလျှောက်သည်ကို ကြည်နူးစွာကြည့်ရှုခြင်း



မိုင်းလှခရိုင်မိုင်းပန်မြို့နယ်ဟော်ပင်ရွာမှာ အာရှဆင်အကြောင်းပြောမိသည့်အခါတွင်ရွာသားတိုင်း၌ ပုံပြင်ကိုယ်စီရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်ရေးဇုန်နယ်ပယ်၏ ထူးခြားသည့်တည်နေရာကြောင့် အာရှဆင်များသည် ဟော်ပင်ရွာသို့ အမြဲလာရောက်နေခြင်းဖြစ်သည်။

ဟော်ပင်ရွာ၏ ရွာသားတိုင်းသည် ဆင်ကိုမြင်တွေ့သည့်အခါတွင်ရန်တွေ့ထိခိုက်မှုများမပြုလုပ်ပေ။ မိမိ၏စိုက်ခင်းထွက်ပစ္စည်းများကို ဆင်များစားနေသည်ကို မြင်တွေ့သော်လည်း မောင်းနှင်ခြင်းမပြုကြပေ။ ဆင်များသည်ရွာထဲသို့အမြဲတန်းဝင်ရောက်သော်လည်း ရွာအတွင်း၌“ဖျက်ဆီးမှု”များမပြုကြပေ။

ရွာသားတိန်စိန်ယုံက ထိုကဲ့သို့ပြောသည်။ နှစ်ဆန်းပိုင်းအချိန်တွင်ဆင်မတစ်ကောင်က သူ၏ကြံစိုက်ခင်းထဲတွင် ဆင်လေးတစ်ကောင်မွေးဖွားခဲ့သည်။ ဆင်မနှင့်ဆင်ပေါက်လေးကို ထိတ်လန့်မှုများမဖြစ်စေရန် တိန်စိန်ယုံသည်ကြံခုတ်ခြင်းကိုရပ်နားခဲ့ပြီး ဆင်မကြီးကဆင်ပေါက်လေးကိုခေါ်ပြီး ထွက်ခွာသွားသည့်အချိန်မှသာ သူတို့တတွေသည် ကြံစိုက်ခင်းထဲသို့ ဝင်ရောက်ကာ စိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည်။

မိုင်းပန်မြို့သစ်တောဌာန တာဝန်ရှိသူ၏ မိတ်ဆက်ခြင်းမှသိရသည်မှာ- ၂၀၀၇ခုနှစ်မှစပြီး စစ်ဆောင်ပန်နားတိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲတွင် တောရိုင်းတိရစ္ဆာန်စိုက်ခင်းဖျက်စီးမှုအာမခံကို အစိုးရမှတာဝန်ယူပေးဆောင်ခြင်းများ ပြုလုပ်ပေးသည်။ အာရှဆင်များကြောင့် စိုက်ခင်းများပျက်စီးသွားပါက ကြံစိုက်ခင်းတစ်မူလျှင် တရုတ်ယွမ်ငွေ (၇၀၀)ယွမ် လျော်ကြေးရရှိသည်။ စပါး၊ ပြောင်းနှင့်အခြားသစ်သီးဝလံစိုက်ခင်းများလည်း သတ်မှတ်စံနှုန်းနှင့်တူညီသော လျော်ကြေးငွေများကိုရရှိနိုင်သည်။

“ဟော်ပင်ရွာ ရွာသားများသည် တောရိုင်းဆင်များ လာရောက်ခြင်းနှင့် စိုက်ခင်းများဖျက်ဆီးခြင်းကို မြင်တွေ့သည့်အခါတွင် မောင်းနှင်ခြင်းများမပြုခြင်းသည် လူနှင့်ဆင်များခိုက်ရန်ဖြစ်ပွားကာနှစ်ဖက်စလုံး ဒဏ်ရာရရှိခြင်းမှ ကာကွယ်နိုင်သည်။ ထို့အတူ အလွန်ရိုးရှင်းသော သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းမှုပုံစံကိုလည်း ပေါ်လွင်စေသည်။” နောက်နောင်တွင် ကျေးရွာခရီးသွားလုပ်ငန်း၊ အဆင့်မြင့်ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် အာရှဆင်များ အမြဲတန်းလာရောက်သော ရှုခင်းနှင့် အပူပိုင်းမိုးဦးသစ်တော အကြောင်းစူးစမ်းလေ့လာလိုခြင်းများသည် ဟော်ပင်ရွာက ခရီးသည်များကို ဆွဲဆောင်နိုင်သော အားသာချက်တစ်ရပ် ဖြစ်လိမ့်မည်ဟု တရုတ်နိုင်ငံစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခလီရှောင်ယွမ်က ယူဆသည်။

သတင်းထောက် -တိုင်ကျိန်ဟွာ

## ကူမင်းတျန်ချီအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာ— ဖွံ့ဖြိုးတိုးတက်မှု မျှော်လင့်ချက်သစ်များကို သယ်ဆောင်လာ

“ဒီအဆောက်အဦးကြီးက လှလိုက်တာ ဆိုင်ခန်းတွေလည်း များလိုက်တာ။” ပါကစ္စတန်လူငယ် စီးပွားရေးလုပ်ငန်းရှင် Aleemသည် မကြာသေးမီအချိန်က “၂၀၁၇ခုနှစ်တောင်အာရှ အရှေ့တောင်အာရှနိုင်ငံကုန်ပစ္စည်းပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေးဆွေးနွေးပွဲ”သို့ တက်ရောက်သည့်အခါတွင် Aleemက ကူမင်းတျန်ချီအပြည်ပြည်ဆိုင်ရာ ပြခန်းစင်တာ၏ ခမ်းနားကြီးကျယ်မှုကိုမြင်ပြီး အံ့အားသင့်နေပါသည်။ အဆိုပါအကြိမ်မြောက်စီးပွားရေးဆွေးနွေးပွဲတွင် ကူမင်းတျန်ချီအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာသည် တစ်ကမ္ဘာလုံး(၈၆)နိုင်ငံနှင့် ဒေသမှလုပ်ငန်းရှင်များ (၄၀၀၀)ကျော်၏စင်မြင့်ဖြစ်ခဲ့ပြီး ယူနန်၏စနစ်ပြောင်းလဲဖွံ့ဖြိုးတိုးတက်ခြင်းကို သယ်ဆောင်ကာ တရုတ်နိုင်ငံမှ တောင်အာရှ အရှေ့တောင်အာရှသို့ဖြာထွက်မှုစင်တာ တည်ဆောက်မှုအိပ်မက်ကြီးအတွက် ခြေလှမ်းစတင်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှု ငွေပမာဏသည် တရုတ်ယွမ်ငွေပေါင်း (၄၀)ဘီလီယံရှိသော ကူမင်းတျန်ချီအပြည်ပြည်ဆိုင်ရာ ကွန်းဗင်းရှင်းစင်တာသည် တရုတ်နိုင်ငံမှ အရှေ့တောင်အာရှ၊ တောင်အာရှသို့ မျက်နှာပြုသော အိန္ဒိယပင်လယ်ဈေးကွက်ကြီးသို့သွားရမည့် အရေးပါဆုံးသော အပြည်ပြည်ဆိုင်ရာ စီးပွားရေးပလက်ဖောင်းဖြစ်နေသည်။ ထို့ပြင်ရင်းသည် တောင်အာရှ၊ အရှေ့တောင် အာရှဒေသ စီးပွားရေးကူးသန်းရောင်းဝယ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးများကို ဖြစ်ထွန်းစေသည်။ နိုင်ငံတော်၏ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တည်ဆောက်ရေးအတွက် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကိုပေးအပ်နိုင်သည်။ ပြည်တွင်းအတွက်ဆိုလျှင် ၎င်းသည်ယူနန်နှင့် ယန်ဇီမြစ် တြိဂံစီးပွားရေးဇုန်၊ ပုလဲမြစ်တြိဂံစီးပွားရေးဇုန်နှင့် ချိန်တူချုံချင်စီးပွားရေးဇုန်အတွင်းသို့ ပေါင်းဝင်နိုင်ရန်တွန်းအားဖြစ်စေခြင်း၊ ယူနန်နှင့် ပေါ်ဟိုင်ပင်လယ်စီးပွားရေးစက်ဝိုင်း၏ ဆက်နွယ်မှုကိုပိုမိုခိုင်မာလာစေခြင်း၊ ယန်ဇီမြစ်စီးပွားရေးရပ်ဝန်းတည်ဆောက်မှုကို ဖြစ်ထွန်းစေခြင်း စသည်တို့ကို တွန်းပို့ပေးနိုင်မည်ဖြစ်သည်။

အသုံးပြုလျက်ရှိသော ပြခန်းများမှ လတ်တလော ဆောက်လုပ်ပြီးဖြစ်သော ခရီးသွားမြို့လေးအထိ သတင်းထောက်သည် တောင်နှင့်မြောက်မီတာ(၂၆၀၀)ရှိသော၊ အရှေ့အနောက်မီတာ (၁၀၀၀)ရှိသော၊ မြေပြင်အထက်တွင် ဝဲထားသော (၁၄)မီတာရှိသော ထုကြီးသော၊ ဒီဇိုင်းကျယ်ပြန့်သော၊ အဆင့်အလွှာများသော အကြီးစားမြို့ပြ အထွေထွေဆောက်လုပ်ရေးအစုအဝေးကိုမြင်တွေ့ခဲ့သည်။ အဆိုပါအဆောက်အဦးကို အထက်ကောင်းကင်ယံမှကြည့်ပါက ဒေါင်းအမြီးများဖွင့်ကသောအလှများကို ထုတ်ဖော်ထားသော ဒေါင်းနှင့်တူနေသည်ကို တွေ့မြင်နိုင်သည်။ အဆိုပါကွန်းဗင်းရှင်းစင်တာတွင် ပွဲတော်များ ကျင်းပသည့်အခါတိုင်း တစ်ကမ္ဘာလုံးထံသို့ တရုတ်နိုင်ငံ၏ အခွင့်အရေး ယူနန်၏ဆွဲဆောင်မှုများကို ထုတ်လွှင့်နေပါတော့သည်။

“ကျွန်တော်တို့သည် ပင်မခေါင်း စဉ်ပါဥယျာဉ်၊ ဟိုတယ်နှင့် CBDစီမံချက်ရေးဆွဲခြင်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေသည်။ အဆိုပါစီမံချက်နှစ်ခု တည်ဆောက်မှုကို လျင်မြန်စွာစတင်တော့မည်ဖြစ်သည်။”ဟု ယူနန်မြို့ပြတည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အင်ဂျင်နီယာအုပ်ချုပ်ရေးစင်တာမှဒီဇိုင်းဌာနဌာနမှူးက သတင်းထောက်အားပြောကြားသည်။ တျန်ချီအပြည်ပြည်ဆိုင်ရာကွန်းဗင်းရှင်းစင်တာ၏ စီမံကိန်းသည်ရင်းနှီးမြှုပ်နှံမှု ပမာဏတရုတ်ယွမ်ငွေပေါင်း (၂၀)ဘီလီယံကျော်ကို ပြီးစီးအောင်မြင်ပြီဖြစ်ကြောင်း စီမံချက်အရ ၂၀၂၀ခုနှစ်တွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းထောက် -လီကျီဟုန်



ဓာတ်ပုံသတင်း



ချူရုံ၏၂၀၁၇ခုနှစ် ရီတိုင်းရင်းသားမီးတုတ်ပွဲသည် ဇူန်လိုင်လ(၁၃)ရက်နေ့မှ(၁၉)ရက်နေ့အတွင်း ကျင်းပခဲ့သည်။ ယခုနှစ်တွင်ချူရုံ၏ရီတိုင်းရင်းသားမီးတုတ်ပွဲကို “(၇)ရောင်ခြယ်ယူနန်တိုင်းရင်းသားဝတ်စုံပြိုင်ပွဲယဉ်ကျေးမှုပွဲတော်”ထဲသို့ ပေါင်းထည့်ထားသည်။ ရီတိုင်းရင်းသားများ၏ နဂိုသဘာဝပုံသဏ္ဍာန်ပွဲတော်ကို ခရီးသည်များအား ထုတ်ဖော်ပြသထားသည်။ ပွဲတော်ကျင်းပသည့်အချိန်ကာလအတွင်းတွင် ယူနန်တိုင်းရင်းသားရိုးရာဝတ်စုံပြပွဲ၊ မီးတုတ်လှည့်ပွဲ၊ လူဦးရေသောင်းချီဖြင့်ဘယ်ခြေအကကပွဲ၊ ရီတိုင်းရင်းသားရိုးရာအားကစားပြိုင်ပွဲ၊ ရီတိုင်းရင်းသားအထူးအစားအစာပြပွဲ၊ ယဉ်ကျေးမှုဖိုရမ်စသည့် အစီအစဉ်များပါရှိမည်ဖြစ်သည်။ မီးတုတ်ပွဲတော်သည်ရီတိုင်းရင်းသားများ၏ ရိုးရာပွဲများအနက်အကြီးကျယ်ခမ်းနားဆုံး ပွဲတော်ဖြစ်သည်။ ရီတိုင်းရင်းသားရိုးရာတေးဂီတ၊ အက၊ ကဗျာ၊ အစားအသောက်၊ ဝတ်စုံ၊ နက္ခတ်ဗေဒစသည့်ယဉ်ကျေးမှုအနှစ်သာရများပါရှိသည်။ ချူရုံ၏မီးတုတ်ပွဲသည် နှစ်စဉ်နှစ်တိုင်း၏ တရုတ်ပြက္ခဒိန်(၆)လပိုင်း (၂၄)ရက်နေ့တွင်ကျင်းပလေ့ရှိသည်။ နိုင်ငံတော်အဆင့်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်သည်။